# မြန်မာ။ ။ရေရှည်တည်တံ့မည့် ပြုပြင်ပြောင်းလဲမှုအတွက် ဘန် ဖိအားပေးသင့်သည်

*အထွေထွေအတွင်းရေးမှူး၏ အလည်အပတ်သွားရောက်ခြင်းတွင် နိုင်ငံရေးအကျဉ်းသားကိစ္စနှင့် ပဋိပက္ခအတွင်း မတရားညှဉ်းပန်းမှုများကို မီးမောင်းထိုးသင့်*

(၂၀၁၂ ခုနှစ် ဧပြီလ ၂၈ ရက် – နယူးယောက်) – မြန်မာနိုင်ငံ၏ အလွန်ဆိုးဝါးသော လူ့အခွင့်အရေးအခြေအနေကို ဖြေရှင်းရန် စစ်မှန်သည့်ပြောင်းလဲမှုများလိုအပ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းမှ အလေးထားပြောဆိုသင့်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က ယနေ့ ပြောကြားလိုက်ပါသည်။ နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် ဒုက္ခသည်ဆိုင်ရာ ကိစ္စများအပါအဝင် အကြောင်းအရာအမျိုးမျိုးကို မြန်မာအရာရှိများနှင့် ဆွေးနွေးရန် ၂၀၁၂ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံသို့ ဘန် သည် ရက်အနည်းငယ် သွားရောက်လည်ပတ်မည်ဖြစ်သည်။

ကျန်ရှိနေသေးသည့်နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးနှင့် အကျဉ်းကျခံနေရဆဲသူများကို အတည်ပြုပြီး အစီရင်ခံရန် လွတ်လပ်သောစစ်ဆေးရေးဘုတ်အဖွဲ့တစ်ရပ် ဖွဲ့စည်းရေး၊ တိုင်းရင်းသား ပဋိပက္ခဖြစ်ရာဒေသများတွင် မတရားညှဉ်းပန်းမှုများ အဆုံးသတ်ရေးနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ မြန်မာနိုင်ငံတွင် ကွင်းဆင်း ရပ်တည်နိုင်ရေးတို့အတွက် ဘန်မှ လူသိရှင်ကြားသာမက လျှို့ဝှက်နည်းနဲ့ပါ ဖိအားပေးရန် လူ့အခွင့်အရေးစောင့်ကြည့်မှု့အဖွဲ့မှ တိုက်တွန်းလိုက်ပါသည်။

"မကြာသေးခင်က မြန်မာနိုင်ငံမှာ ပြောင်းလဲလာတဲ့ လက္ခဏာတွေကြောင့် အထွေထွေအတွင်းရေးမှူး ဘန်မှ အားတက်မိတာ မှန်နိုင်ပေမဲ့ ဆက်လက်ဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ထဲ့တွက်မယ်ဆိုရင်၊ အဲဒီအကောင်းမြင်မှုဟာ စိတ်ပျက်စရာဖြစ်သွားပါ့မယ်"ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ အာရှဒေသ ဒုတိယညွှန်ကြားရေးမှူး အီလိန်း ပီးယားစင်က ဆိုသည်။ "သည်လုပ်ငန်းစဉ်ကို ပြုစုပျိုးထောင်ဖို့ ကုလသမဂ္ဂမှာ လုပ်စရာများစွာရှိပေမဲ့ ဘန်ရဲ့ ဦးစားပေး ကိစ္စများတွင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးဖို့ ဖိအားပေးခြင်းနှင့် တိုင်းရင်းသားဒေသများတွင် အခွင့်အရေး ချိုးဖောက်ခံရမှုများကို အဆုံးသတ်ရေးတို့ ပါဝင်သင့်တယ်။"

"ရှေ့ခရီးမှာ အခက်အခဲများစွာရှိနေပါသေးတယ်" ဟု သတင်းထောက်များအား ဘန်က ဧပြီလ ၂၄ ရက်နေ့၌ ဆိုခဲ့သည်။ "စိုးရိမ်ချက်အများစုကို မဖြေရှင်းရသေးဘူး။ သို့သော် ပိုမိုကောင်းမွန်တဲ့အနာဂတ်ဆီ တက်လှမ်းဖို့အတွက် ယခင်က မရခဲ့ဖူးတဲ့အခွင့်အရေး ကျနော်တို့မှာရှိနေပါတယ်။" ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံသို့ ၄င်းနောက်ဆုံးအခေါက် အလည်သွားချိန်၌ ထိုစဉ်က အကျယ်ချုပ်ခံနေရသည့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အားတွေ့ဆုံရန် သွားရောက်ခွင့်မရခဲ့သဖြင့်၊ ထိုခရီးမှာ "အတော်ကိုပင် စိတ်ပျက်စရာ" ခရီးဖြစ်ကြောင်း ၄င်းက ကောက်ချက်ချခဲ့သည်။

လွန်ခဲ့သည့်နှစ်အတွင်းက မြန်မာအစိုးရမှ နိုင်ငံရေးအကျဉ်းသားမြောက်များစွာ လွှတ်ပေးခဲ့သည်။ သည် အထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အတွက် အချိန်ကြာမြင့်စွာ ဦးစားပေးကိစ္စ ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလနှင့် အောက်တိုဘာလ၊ ၂၀၁၂ ခုနှစ်တွင် သမတဦးသိန်းစိန်မှ နှစ်ကြိမ် ကြေငြာခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့် လေးရပ်တွင် အစိုးရမှ နိုင်ငံရေးအကျဉ်းသား ခန့်မှန်းခြေ ၆၅၉ ဦး လွှတ်ပေးခဲ့ပါသည်။ ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားအရေအတွက် ခန့်မှန်းချက်များကွဲပြားသော်လည်း၊ ရာပေါင်းများစွာ သံတိုင်နောက်ကွယ်တွင် ဆက်ရှိနေသည်ဟု ယူဆကြသည်။ ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ ထောက်ပံ့ရေးအသင်း(အေအေပီပီဘီ)၏ ခန့်မှန်းချက်အရ အတည်ပြုပြီး နိုင်ငံရေးအကျဉ်းသား ၄၇၃ ဦးကျန်ရှိနေပြီး၊ ကျန် ၄၆၅ ဦးမှာ အတည်မပြုရသေးပေ။ မကြာသေးမီက လွှတ်လာသော နိုင်ငံရေးအကျဉ်းသားများကွန်ယက်မှ ထားရှိသော လက်ရှိစာရင်းအရ အကျဉ်းသား ၄၄၅ ဦးကျန်ရှိနေပါသေးသည်။

အစိုးရများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများက နိုင်ငံရေးအကျဉ်းသားဟု ယူဆနေသည့် ကျန်ရှိနေသော အကျဉ်းသား ၁၂၀ မှာ လုံခြုံရေးဆိုင်ရာပြစ်မှု သို့မဟုတ် အကြမ်းဖက်ဆိုင်ရာရာဇဝတ်မှု ကျူးလွန်ထားကြောင်း တွေ့ရှိထားသူများ ဖြစ်သည်ဟု အစိုးရက ဆိုပါသည်။ မြန်မာနိုင်ငံတွင် ပွင့်လင်းမှုမရှိဘဲ လျှို့ဝှက်လေ့ရှိသည့် တရားရေးစနစ်အောက်တွင် နိုင်ငံရေးအကြောင်းကြောင့် ဖမ်းဆီးခံရသူများသည် တရားခွင်၌ အများပြည်သူရှေ့မှောက်၌ မဟုတ်ဘဲ ရာဇဝတ်မှုဖြင့် ပုံမှန် အရေးယူခံရလေ့ရှိပြီး၊ များသောအားဖြင့် တရားခံဘက်မှ ဥပဒေအကျိုးဆောင်ရှေ့နေ သို့မဟုတ် ခုခံပြောဆိုရန် အခွင့်အရေး မရရှိကြပေ။ မြန်မာနိုင်ငံမှတရားသူကြီးများမှာ လွတ်လပ်စွာ စီရင်ခွင့် ကင်းမဲ့ကြသည်။

ဘန်မှ မြန်မာအရာရှိများနှင့်ပြောဆိုရမည့် နိုင်ငံရေးအကျဉ်းသားဆိုင်ရာကိစ္စများတွင် အောက်ပါတို့ဖြစ်သည်။

- ဦးမြင့်အေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် တွဲဖက်တည်ထောင်သူ၊ ၂၀၀၈ ခုနှစ် ဖမ်းဆီးခံရပြီး ဖောက်ခွဲပစ္စည်းများ၊ ဥပဒေမဲ့ အသင်းဖွဲ့ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ အပါအဝင် ပြစ်မှုအမျိုးမျိုးဖြင့် တရားစွဲဆိုခံခဲ့ရသူဖြစ်သည်။ ရန်ကုန် အင်းစိန်ထောင် အထူးတရားရုံးမှ ထောင်ဒဏ် တစ်သက်တစ်ကျွန်း အပြစ်ပေးခံရပြီး ယခု ကရင်နီပြည်နယ် လွိုင်ကော် ထောင်တွင် ရှိနေ သည်။ သူ၏အမှု စီရင်စစ်ဆေးမှုတွင် တင်းကျပ်သည့် စီရင်ချက်လုပ်ငန်းစဉ်ကို ကန့်ကွက်သည့်အတွက် သူ၏ဥပဒေအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးအား ရုံးတော်အား မထီမဲ့မြင်ပြုမှုဖြင့် ထောင်ဒဏ် လေးလ နှင့် ခြောက်လစီ ချမှတ်ခြင်းအပါအဝင်၊ ကြီးလေးသည့် ပုံမှန်မဟုတ်သော လုပ်ဆောင်မှုများ ရှိခဲ့သည်။

- ခွန်ကောရီယို၊ ၂၇ နှစ်အရွယ် တက်ကြွလှုပ်ရှားသူ တိုင်းရင်းသားကရင်နီလူငယ်၊ မိမိဌာနေပြည်နယ်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုခံယူပွဲကို ဆန့်ကျင်ကန့်ကွက်သည့်အတွက် ထောင်ဒဏ် ၃၇ နှစ် ချမှတ်ခံရသူ ဖြစ်သည်။ သူသည် မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာထောင်တွင် ရှိနေသည်။

- သန့်ဇော်၊ ၁၉၈၉ ခုနှစ်တွင် ဖမ်းဆီးခံရပြီး သေဒဏ်ပေးခံရသည့် ၄၄ နှစ်အရွယ် ကန့်ကွက်ဆန္ဒပြသူ ကျောင်းသားဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ပုံးဖောက်ခွဲမှုဖြင့် စွပ်စွဲခံရပြီး ထောင်ဒဏ် တစ်သက်တစ်ကျွန်း အဖြစ် ပြောင်းရွှေ့သတ်မှတ်ခဲ့သည်။ ထိန်းသိမ်းခံထားရစဉ် အပြစ်ဝန်ခံရန်အတွက် ညှဉ်းပန်းနှိပ်စက် ခံရကြောင်း ဆိုပါသည်။ အရပ်သားတစ်ဦးဖြစ်သော်လည်း သူ့အား တရားမျှတသည့် နိုင်ငံတကာ စစ်ဆေးစီရင်သည့် အဆင့်အတန်းသတ်မှတ်ချက်များကို မမီသည့် စစ်ခုံရုံးနှင့် တံခါးပိတ် အမှုရင်ဆိုင် ခဲ့သည်။ သန့်ဇော်မှာ သရက်ထောင်တွင် ရှိနေသည်။ ပုံးဖောက်ခွဲမှုအတွက် မိမိအပြစ်ဝန်ခံပြီး သန့်ဇော်တွင် အပြစ်မရှိဟု ဝန်ခံထွက်ဆိုခဲ့သည့် အကျဉ်းသားကိုမူ ထောင်မှလွှတ်ပေးခဲ့သည်။

- ကိုအေးအောင်၊ ၁၉၉၆ နှင့် ၁၉၉၈ ဆန့်ကျင်ဆန္ဒပြရာတွင် ပါဝင်သူကျောင်းသား၊ ထောင်ဒဏ် ၅၉ နှစ် အပြစ်ဒဏ်ခံနေရသည်။ ကလေးမြို့ အကျဉ်းထောင်တွင်ရှိနေသည်။

ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများကိစ္စကို ဖြေရှင်းရန် ယုံကြည်စိတ်ချရသည့် ယန္တရားစနစ်တစ်ခု ဖွဲ့စည်း တည်ထောင်ရန် ဘန်အနေနှင့် မြန်မာအစိုးရကို တောင်းဆိုသင့်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာအရပ်သားလူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ မြန်မာအစိုးရအရာရှိ များပါဝင်သည့် စစ်ဆေးရေးဘုတ်အဖွဲ့တစ်ခုကဲ့သို့သော ယန္တရားဖြစ်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က ဆိုပါ သည်။

၎င်းဘုတ်အဖွဲ့မှာ ထောင်များသို့သွားလာခွင့်ရှိပြီး၊ နိုင်ငံရေးအကျဉ်းသား မည်မျှကျန်နေသေးသည်ကို အတည်ပြုကာ ၎င်းတို့အပေါ်စွဲချက်များ၊ အမှုရင်ဆိုင်သည့်အခြေအနေများကို စစ်ဆေးပြီး၊ အခြေအနေတိုးတက်မှုကို အများအသိရန်

အချိန်ကာလအလိုက် ပုံမှန် အစီရင်ခံရပါမည်။ ၂၀၀၆ ခုနှစ်မှစ၍ နိုင်ငံတကာ ကြက်ခြေနီအသင်း(အိုင်စီအာစီ) မှာ နိုင်ငံရေး အကျဉ်းသားများအား တွေ့ဆုံမေးမြန်းရန် ထောင်များသို့ အတားအဆီးမရှိ သွားရောက်ပိုင်ခွင့် မရှိတော့ပါ။

အထွေထွေအတွင်းရေးမှူး၏ရုံးမှာ ဤနိုင်ငံရေးအကျဉ်းသားပြဿနာကို အရေးကြီးသည့်ကိစ္စတစ်ရပ်ဟု ယူဆပုံမပေါ်ကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့အစည်းက ပြောပါသည်။ မကြာသေးမီက နယူးယောက်တိုင်းမ်စ် သတင်းစာ၏ (http://www.nytimes.com/2012/04/25/opinion/helping-myanmar-on-the-road-to-democracy.html) သဘောထားထင်မြင်ချက်ဆောင်းပါးတစ်ပုဒ်တွင် အထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယားက ဘန်ကီမွန်း၏ အလည်အပတ်ခရီးစဉ်နှင့်ပတ်သက်ပြီး အဓိကစိုးရိမ်မှုလေးရပ်ကို ဖော်ပြရာတွင် ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများကို ထည့်သွင်းပြောဆိုရန် ပျက်ကွက်ခဲ့ပါသည်။

"လွန်ခဲ့တဲ့တစ်နှစ်က နိုင်ငံရေးအကျဉ်းသားများ မရှိကြောင်း မြန်မာအစိုးရက ငြင်းဆိုခဲ့တယ်။ အခု သူတို့ အယောက် ၆၀၀ လွှတ်ပေးလိုက်တဲ့အတွက် အချီးမွမ်းခံချင်နေတယ်" ဟု ပီးယားစင်က ဆိုပါသည်။ "သည်ကိစ္စကို အလေးအနက်ထားပြီး အဆုံးသတ်ဖြေရှင်းချင်တယ်ဆိုရင်၊ အစိုးရအနေနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး၊ နောင်တွင် မတရား အကျဉ်းချမှုများ ထပ်မပေါ်ပေါက်အောင် တားဆီးဖို့ ယန္တရားစနစ် ထားပေးသင့်တယ်။"

တိုင်းရင်းသား ပဋိပက္ခဒေသများတွင် မြန်မာစစ်တပ်မှ ဆက်လက်ကျူးလွန်နေသည့် မတရားညှဉ်းပန်းမှုများအတွက် စိုးရိမ်ပူပန်မိကြောင်းပြောရန်လည်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ ဘန်အား တိုက်တွန်းလိုက်ပါသည်။ အစိုးရမှ အပစ်အခတ်ရပ်စဲရေးကိစ္စများကို လက်နက်ကိုင်တိုင်းရင်းသားအုပ်စုများနှင့် ဆွေးနွေးနေသော်လည်း တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်မှ အရပ်သားများအပေါ် အလွန်ကြမ်းကြုတ်ရက်စက်သည့်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည်။

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ကချင်ပြည်နယ်တွင် အစိုးရလက်နက်ကိုင်တပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်(ကေအိုင်အေ) တို့ အကြားဖြစ်သော တိုက်ပွဲများကြောင့် ခန့်မှန်းခြေလူပေါင်း ၇၅၀၀၀ အိုးအိမ်နေရာမဲ့ ဖြစ်ခဲ့ရပါသည်။ ၎င်းတို့အနက် ၂၀၀၀၀ မှာ အစိုးရ ထိန်းချုပ်ထားသည့် ဒေသများတွင်ရှိနေပြီး၊ ၄၅၀၀၀ မှာ ပဋိပက္ခဖြစ်ပွါးနေသည့် သူပုန်ထိန်းချုပ်နယ်မြေများတွင် ရှိကာ၊ ၁၀၀၀၀ မှာ နယ်စပ်၏တစ်ဖက် တရုပ်နိုင်ငံတွင် ခိုလှုံခွင့်တောင်းခံနေကြပါသည်။ မကြာသေးမီက (ဒုက္ခပင်လယ်ဝေခြင်း ။မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် စစ်ဖြစ်နေစဉ်ကာလတွင်း ညှဉ်းပန်းမှုများနှင့် စစ်ပွဲဒဏ်ကြောင့် ပြည်တွင်း၌ အိုးအိမ် နေရာမဲ့ဖြစ်ရခြင်းများ "Untold Miseries: Wartime Abuses and Forced Displacement in Burma's Kachin State" (http://www.hrw.org/reports/2012/03/20/untold-miseries) ဟူသည့် အစီရင်ခံစာတွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ဤပဋိပက္ခကာလတွင်းဖြစ်သော မတရားညှဉ်းပန်းမှုများအား မှတ်တမ်းတင်ထား ပါသည်။

ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်း၊ လုယက်ခြင်း၊ မတရား ညှဉ်းပန်းသောနည်းဖြင့် အဓမ္မလုပ်အားစေခိုင်းခြင်း၊ လူသတ် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းဖြင့် မြန်မာအစိုးရသည် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ဆက်လက်ချိုးဖောက်နေသည်။ ကေအိုင်အေမှလည်း ကလေးစစ်သား များနှင့် မြေမြှုပ်မိုင်းများ သုံးခဲ့ပါသည်။

မတ်လနှောင်းပိုင်းမှစပြီး ရန်ကုန်အခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကချင်ပြည်နယ်ရှိအိုးအိမ်နေရာမဲ့ပြည်သူများ ထံသို့ ကယ်ဆယ်ရေး ယာဉ်များပို့ခဲ့သော်လည်း၊ ဤကြိုးပမ်းမှုမှာ ပိုမိုတိုးပွားလာသည့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် များစွာအလှမ်းဝေးနေပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများအား အတားအဆီးမဲ့ပုံမှန်သွားရောက်နိုင်စေရေး မြန်မာအစိုးရနှင့် ကေအိုင်အေတို့အား ဘန်မှ တိုက်တွန်းသင့်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဆိုပါသည်။ တိုင်းရင်းသား ပဋိပက္ခဒေသများတွင် ပဋိပက္ခ

တွင်း ပါဝင်သူအားလုံးမှ ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲထားချက်များကို စုံစမ်းစစ်ဆေးပြီး အစီရင်ခံရန် လွတ်လပ်သော ယန္တရားစနစ်တစ်ခု ဖြစ်ပေါ်လာရန်အတွက်လည်း သူ့အနေဖြင့် ဖိအားပေးသင့်ပါသည်။

"ဘန်ရဲ့အလည်အပတ်ခရီးမှာ ပြုပြင်ပြောင်းလဲမှု ပြုပြင်ပြောင်းလဲရန်ပေးထားသည့် ကတိစကား၏ အပေါ်ယံမျက်နှာပြင်အောက်ကိုကျော်ကြည့်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့တွေကို ပဋိပက္ခဖြစ်ရာဒေသတွေဆီ သွားရောက်မှု ကန့်သတ်ချက်များအပါအဝင်၊ ပဋိပက္ခဖြစ်ပွားရာ ဒေသတွေမှာ ဖြစ်ပွါးနေတဲ့ မတော်မတရားညှဉ်းပန်းမှုများကို ပြောဆိုသင့်တယ်" ဟုလည်း ပီးယားစင်က ဆိုပါသည်။ "မြန်မာနိုင်ငံတွင်းက မတရားညှဉ်းပန်းမှုများတွေကို ထုတ်ဖော်ပြောဆိုဖို့ ပျက်ကွက်ခြင်းဟာ စစ်တပ်ရှိ မတရားညှဉ်းပန်းတတ်သူများနှင့် ပြုပြင်ပြောင်းလဲရေးကို အလေးအနက်ခံယူခြင်းမရှိတဲ့၊ အစိုးရအတွင်းက အဖျက်သမားများကို ပို၍ရဲတင်းစေနိုင်ပါတယ်။"